## ဓမ္မခန္ဓာ (၂၀) တွာဟာ

ဉဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၄၅၊ သုတ်ဒေသနာ ၁၃၅ ပါး။

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **طه**۞<br>တွာ၊ ဟာ။[၆၈၀] |
| ၂။ | **مَا أَنزَلْنَا عَلَيْكَ الْقُرْآنَ لِتَشْقَى**۞<br>ငါသည် သင့်အား ကုရ်အာန်ကျမ်းကို ချမှတ်ပေးသည်မှာ စိတ်ညစ်ရစေရန် မဟုတ်။[၆၈၁] |
| ၃။ | **إِلَّا تَذْكِرَةً لِّمَن يَخْشَى**۞<br>ကြောက်ရွံ့ရိုကျိုးတတ်သူတို့အား သတိပေါ်ပေးရန်သာ ဖြစ်၏။ |
| ၄။ | **تَنزِيلًا مِّمَّنْ خَلَقَ الْأَرْضَ وَالسَّمَاوَاتِ الْعُلَى**۞<br>အပေါ်လွှာ မိုးများနှင့် မြေကမ္ဘာအား ဖြစ်တည်စေသည့် အရှင်ထံမှ ချမှတ်ပေးခြင်း ဖြစ်၏။ |
| ၅။<br>☆၁၀း၃ | **الرَّحْمَنُ عَلَى الْعَرْشِ اسْتَوَى**۞<br>ထပ်ဆင့်ကွပ်ကဲမှုကို ပုံပေါ်စေသော☆ ကရုဏာရှင်၊ |
| ၆။ | **لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَمَا بَيْنَهُمَا وَمَا تَحْتَ الثَّرَى**۞<br>မိုးများအတွင်း၊ မြေအတွင်း၊ ထိုနှစ်ခု စပ်ကြားနှင့် မြေဆီလွှာအောက် ရှိသည်တို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ |
| ၇။ | **وَإِن تَجْهَرْ بِالْقَوْلِ فَإِنَّهُ يَعْلَمُ السِّرَّ وَأَخْفَى**۞<br>သင်သည် စကားဖြင့် ဖော်ပြနေသောအခါ၊ ဖုံးဖိထားရာ မြုံသိပ်ထားရာကို အရှင်သည် သိနေတော်မူ၏။ |
| ၈။ | **اللَّهُ لَا إِلَهَ إِلَّا هُوَ لَهُ الْأَسْمَاءُ الْحُسْنَى**۞<br>ပရမတ်ဘုရားရှင်၊ အရှင်မှ အခြားဘုရားဟူ၍ မရှိ၊ အသပ္ပါယ်ဆုံးသော ဂုဏ်တော်တို့သည် အရှင့်အတွက် ဖြစ်၏။ |
| ၉။ | **وَهَلْ أَتَاكَ حَدِيثُ مُوسَى**۞<br>မူဆာ၏ ရာဇဝင်သည် သင့်ထံသို့ ရောက်လာပြီလော။ |

**(၆၈၀) စိတ်တည်ငြိမ်သူ**– အတိုက်ကောက် စကားလုံး **တွာ၊ ဟာ** ဆိုသည်မှာ ကိုယ်တော် မုဟမ္မဒ်အား ခေါ်တွင်သော အမည်များအနက်မှ တစ်ခု ဖြစ်၍ ထိုအမည်၏ အနက် အဓိပ္ပါယ်မှာ အပြစ်များကို လျှော်ပစ်လေ့ရှိသူ၊ သူတစ်ပါးအား ဗွေမယူတတ်သူ၊ စိတ်တည်ငြိမ်သူ (တွာဟေရ်) ဟု ဖြစ်ပေသည်၊ (တရ်ဂျုံအို အာရှစ်၊ E.W. Lane အာရ်ဗီ အင်္ဂလိပ် ဝေါဟာရတ္ထပကာသနီ)။

**(၆၈၁)** ဤသုတ်တော်က မိရိုးဖလာ ဝါဒီများက မည်မျှပင် တိုက်ခိုက်စော်ကား စေကာမူ၊ ကိုယ်တော်မုဟမ္မဒ်ထံ၌ ကိန်းဝပ်ချမှတ်သော ဤကုရ်အာန် ကျမ်းတော်၏ ဝါဒသည် မုချအောင်မြင်ရမည်ဟု အတိအကျ ဆိုထားပေသည်။ ကုရ်အာန်သို့ လိုက်နာသောကြောင့် စိတ်ညစ်ရမည် မဟုတ်ချေ။

| | |
|---|---|
| ၁၀။ | **إِذْ رَأَى نَارًا فَقَالَ لِأَهْلِهِ امْكُثُوا إِنِّي آنَسْتُ نَارًا لَّعَلِّي آتِيكُم مِّنْهَا بِقَبَسٍ أَوْ أَجِدُ عَلَى النَّارِ هُدًى۞**<br>သူသည် မီးကို မြင်သောအခါ၊ သူ၏ ဝိုင်းသားတို့အား “ခဏနေကြလော့၊ ကျွန်ုပ်သည် မီးကို တွေ့ရ၏၊ သင်တို့အတွက် ထိုမှ မီးကျီးခဲ တစ်ခုကို ယူပေးနိုင်ရာ၏၊ သို့မဟုတ် ထိုမီးပေါ်၌ လမ်းညွှန်တစ်ခုကို တွေ့ရှိနိုင်ရာ၏၊”ဟု ပြော၏။ |
| ၁၁။ | **فَلَمَّا أَتَاهَا نُودِي يَا مُوسَى۞**<br>သူသည် ထိုသို့ သွားရောက်သော အခါ၊ “အို မူဆာ၊”ဟု ဖိတ်ခေါ်ခံရ၏။[၆၈၂] |
| ၁၂။ | **إِنِّي أَنَا رَبُّكَ فَاخْلَعْ نَعْلَيْكَ إِنَّكَ بِالْوَادِ الْمُقَدَّسِ طُوًى۞**<br>မှတ်သားလော့၊ ငါသည် သင့်ကံကြမ္မာရှင် ဖြစ်၏၊ သင့်ခြေနင်းကို ချွတ်လော့၊ ကေန်ပင် သင်သည် မြတ်သော တောင်ခြေ ချိုင့်ဝှမ်း၌ ရောက်နေ၏။[၆၈၃] |
| ၁၃။ | **وَأَنَا اخْتَرْتُكَ فَاسْتَمِعْ لِمَا يُوحَى۞**<br>ငါသည် သင့်ကိုရွေးချယ်ပြီ၊ သို့ဖြစ်၍ ငါ– အာရုံဖြစ်တည်ပေးရာအား နာယူလော့။ |
| ၁၄။<br>☆၂း၃ | **إِنَّنِي أَنَا اللَّهُ لَا إِلَهَ إِلَّا أَنَا فَاعْبُدْنِي وَأَقِمِ الصَّلَاةَ لِذِكْرِي۞**<br>မှတ်သားလော့၊ ငါသည် ပရမတ်ဘုရားရှင် ဖြစ်၏၊ ငါမှ အပ အခြား ဘုရားဟူ၍ မရှိ၊ ငါ့ကိုသာ ကိုးကွယ်ကြလော့၊ ငါအား သတိယူလျက် စိတ်လေ့ကျင့်မှု☆ မြဲမြံလော့။ |
| ၁၅။<br>အချိန် | **إِنَّ السَّاعَةَ ءاَتِيَةٌ أَكَادُ أُخْفِيهَا لِتُجْزَى كُلُّ نَفْسٍ بِمَا تَسْعَى۞**<br>အချိန်နာရီသည် ကေန် လာနေ၏၊ ဉာဉ်စရိုက်ကိုယ်စီ လှုပ်ရှားမှုအတွက် အကျိုးခံစားရအံ့ငှာ **၎င်း**ကို မြင်ရလုမတတ် ဖြစ်စေလတ္တံ့။[၆၈၄] |
| ၁၆။<br>အချိန် | **فَلاَ يَصُدَّنَّكَ عَنْهَا مَنْ لاَ يُؤْمِنُ بِهَا وَاتَّبَعَ هَوَاهُ فَتَرْدَى۞**<br>ကျဆုံးခြင်း မရှိစေရန်၊ **၎င်း**ကို မယုံကြည်ဘဲ မိမိရမက်နောက်သို့ လိုက်နေသူက သင့်အား **၎င်း**မှ မဟာန့်တားစေလင့်။ |
| ၁၇။ | **وَمَا تِلْكَ بِيَمِينِكَ يَا مُوسَى۞**<br>သင်၏ ညာလက်တွင် မည်သည့် အရာနည်း၊ အို မူဆာ– |
| ၁၈။ | **قَالَ هِيَ عَصَايَ أَتَوَكَّأُ عَلَيْهَا وَأَهُشُّ بِهَا عَلَى غَنَمِي وَلِيَ فِيهَا مَآرِبُ أُخْرَى۞** |

---

(၆၈၂) ဤသုတ်တော်နှင့် အပေါ်သုတ်တော်ကို မစီမစစ် အလွယ်ဖတ်ထားသော ဆရာတော်ကြီးများက “ပရမတ်ဘုရားရှင်သည် မီးကဲ့သို့ ဖန်ဆင်းကာ ကိုယ်တော်မူဆာအား ကိုယ်ထင်ပြသယောင်၊ ထိုမီးမှ ကိုယ်တော်မူဆာအား အသံပြုခေါ်လေသယောင် ဟောပြောနေသည်များမှာ အစ္စလာမ် တရားတော်နှင့် လွန်စွာ ခြားနားပေသည်။ အထက်ပါ သုတ်တော်တွင် ကိုယ်တော် မူဆာ၏ အာရုံတွင် မြင်ရသော “မီး” ဆိုသည်မှာ သူသည် မကြာမီတွင် စစ်ပွဲများကို ရင်ဆိုင်ရမည့် နိမိတ် ဖြစ်ပေသည်။ ကျမ်းတော်တွင် မီး ဆိုသည်မှာ စစ်ပွဲများကို ရည်ညွှန်းကြောင်း မကြာခဏ တွေ့ရပေသည်၊ (၂း၂၄ အောက်ခြေတွင် ကြည့်ပါ။) သို့အတွက် သူသည် သူ တရားထိုင်လေ့ရှိသော သူတို့အယူဖြင့် မြင့်မြတ်သော တောင်တော်သို့ တရားဘာဝနာ ပွားရန် သွားရောက်ခြင်း ဖြစ်၍၊ ထိုနေရာတွင် သူသည် ဗျာဒိတ်ရခြင်း ဖြစ်ပေသည်။ သူရသော အသံသည် မီးထဲမှာ ထွက်လာသည်ဟု လည်းကောင်း၊ သူ့အား မီးမှ စကားပြောသည်ဟု လည်းကောင်း ကျမ်းတော်တွင် ဖေါ်ပြထားခြင်း လုံးဝ မရှိချေ။

(၆၈၃)**“သင့်အစီးအနင်းကို ချွတ်လော့”** ဆိုသည်မှာ **“မိသားစု သားမယား အရေး၊ လောကီ အရေးများကို သင့်နှလုံးသားမှ စွန့်လော့”** ဟု တင်စား ပြောဆိုခြင်း ဖြစ်သည်၊ (ဘိုင်သွာဝီ)။ ထိုစကား၏ ဆိုလိုချက်မှာ **“ဝတ်ကြောင် စွန့်လော့”** ဟုလည်း ဖြစ်ပေသည်၊ (တရ်ဂျူအို အာရှစ်၊ E.W. Lane အာရ်ဗီ အင်္ဂလိပ် ဝေါဟာရတ္ထပကာသနီ)။

(၆၈၄) ဤသုတ်တော်တွင်ပါသော **အာ့ခ်ဖ** ကို အချို့ဆရာတော်များက “ဖုံးကွယ်ထားသည်” ဟု ပြန်ဆိုလျက်၊ ထိုရောက်လာနေသော အချိန်နာရီကို ဖုံးကွယ်ထား၏ ဟု ဘာသာ ပြန်ဆိုကြပေသည်။ ထိုစကားလုံး၏ အနက်မှာ “ပေါ်လုနီးနီး ဖုံးကွယ်ထားခြင်း” ဖြစ်ပေသည်။ တနည်းအားဖြင့် မိမိပြုလုပ်သော အကျိုးတရား တစ်ခုအား ပြန်လည် ခံစားရမည်ကို အာရုံတွင် သိနေလျက်၊ မျက်ဝါးထင်ထင် မမြင်ရခြင်းမျိုး ဖြစ်ပေသည်။ ထို့ကြောင့် ဤနေရာ၌ “မြင်ရလုမတတ်” ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | သူက "ဤသည် တပည့်တော်၏ လက်ထောက် ဖြစ်၏၊ ၎င်းကို တပည့်တော် မှီရ၏၊ သိုးများအတွက် သစ်ရွက်ခြွေရ၏၊ တပည့်တော်အတွက် နောက်ဆက်တွဲ အသုံးဝင်မှုများလည်း ရှိ၏။"ဟု ဆိုသော်၊[၆၅] |
| ၁၉။<br>☆<br>၇း၁၀၇ | **قَالَ أَلْقِهَا يَا مُوسَى۞**<br>အရှင်က "အို မူဆာ၊ ၎င်းကို ပြသလော့၊"☆ဟု မိန့်လိုက်၍၊ |
| ၂၀။<br>☆<br>၇း၁၀၇ | **فَأَلْقَاهَا فَإِذَا هِيَ حَيَّةٌ تَسْعَى۞**<br>၎င်းကို ပြသလိုက်သောအခါ၊ ၎င်းသည် အသက်ဝင် လှုပ်ရှားလာ၏။☆ |
| ၂၁။ | **قَالَ خُذْهَا وَلَا تَخَفْ سَنُعِيدُهَا سِيرَتَهَا الْأُولَى۞**<br>အရှင်က "၎င်းကို စွဲကိုင်ထားလော့၊ မကြောက်ရွံ့လင့်၊ ငါသည် ၎င်းကို မူလအတိုင်း ဆက်လက်ဖြစ်စေမည်၊"ဟု ဆို၏။[၆၆] |
| ၂၂။<br>☆၇း၁၀၇<br>၂၇း၁၂ | **وَاضْمُمْ يَدَكَ إِلَى جَنَاحِكَ تَخْرُجْ بَيْضَاء مِنْ غَيْرِ سُوءٍ آيَةً أُخْرَى۞**<br>ထို့နောက် သင်၏ လက်ကို သင့်လက်ရုံးအတွင်း သွင်းလော့၊ ၎င်းသည် အကုသိုလ်ကင်းသော အဖြူထည်သက်သက် ထွက်လာလိမ့်မည်၊ နောက်ထပ် နိမိတ်လက္ခဏာပင် ဖြစ်၏။☆ |
| ၂၃။ | **لِنُرِيَكَ مِنْ آيَاتِنَا الْكُبْرَى۞**<br>သင့်အား ငါ၏ ကြီးကျယ်သော နိမိတ်လက္ခဏာတို့အား မြင်တွေ့စေဘို့ရာ၊ |
| ၂၄။ | **اذْهَبْ إِلَى فِرْعَوْنَ إِنَّهُ طَغَى۞**<br>ဖာရိုးထံသို့ သွားလော့၊ သူသည် စည်းပျက်သူ ဖြစ်၏။ |
| ၂၅။ | **قَالَ رَبِّ اشْرَحْ لِي صَدْرِي۞**<br>သူက လျှောက်ထားသည်မှာ "အို ကံကြမ္မာရှင်၊ တပည့်တော်၏ ရင်ကို ကျယ်ဝန်းစေတော်မူပါ၊– |
| ၂၆။ | **وَيَسِّرْ لِي أَمْرِي۞**<br>တပည့်တော်၏ စီမံချက်ကို လွယ်ကူစေတော်မူပါ၊– |
| ၂၇။ | **وَاحْلُلْ عُقْدَةً مِّن لِّسَانِي۞**<br>တပည့်တော်၏ ဘာသာစကား အဖုအထစ်များကို ပြေပြစ်စေတော်မူပါ။[၆၇] |

---

**(၆၅)** ကိုယ်တော်မူဆာ၏ လက်ထောက် ဆိုသည်မှာ ကိုယ်တော်မူဆာ၏ အားကိုးရသော နောက်လိုက် အသိုင်းအဝိုင်း ဖြစ်ကြောင်း မကြာခဏ ရှင်းပြပြီး ဖြစ်သည်၊ ဤသုတ်တော်တွင် ထိုလက်ထောက်သည် သိုးများ အတွက်လည်း သစ်ရွက်ခြွေရ၏ ဆိုသည်မှာ ကိုယ်တော်မူဆာ၏ ဗနောက်လိုက် ဘာသာရေး ကျင့်ဆောင်သူများအား သိုးများအဖြစ် တင်စား၍ ထိုသူများအတွက် ရိက္ခာ အထောက်အပံ့ရရန် အားကိုးရသော ကိုယ်တော်၏ အသိုင်းအဝိုင်း ဆောင်ရွက်ပေးခြင်းကို ရည်ညွှန်းပေသည်၊ ကိုယ်တော်မူဆာ၏ လက်ထက်တွင် အစားအသောက်များ ပြုလုပ်ဖန်တီးခြင်း အတတ်ပညာများ ပေါ်လာခဲ့ကြောင်း ၂း၅၇ အောက်ခြေတွင် ရှင်းပြပြီး ဖြစ်သည်။

**(၆၆)** ဤသုတ်တော်က ကိုယ်တော်မူဆာ၊ သူ့လူမျိုးများကို မစွန့်ပစ်ရန်၊ သူတို့အား ပြုပြင်ရခြင်း အလုပ်ကို မည်မျှပင် ခက်ခဲစေကာမူ မကြောက်ရွံ့ မတုန်လှုပ်ရန်နှင့် ကိုယ်တော်မူဆာ၏ ဦးဆောင် သွန်သင်မှုဖြင့် ဂျူးလူမျိုးများသည် အီဂျစ်မှ ဖာရိုးမင်းဆက်၏ လက်အောက်တွင် သူ့ကျွန်မဖြစ်ရမှီ အခြေကကဲ့သို့ ပြန်လည်ကောင်းစား လာရစေမည်ကို နိမိတ်ရခြင်း ဖြစ်ပေသည်။

**(၆၇)** ဤသုတ်တော်ပါ၊ "ဘာသာစကား အဖုအထစ်များကို ပြေပြစ်စေတော်မူပါ" ဆိုသည်ကို ဆရာတော်ကြီးများက လျှာမှ အထုံးအဖွဲ့များကို ဖြေ ဖျောက်ပေးပါ– ဟု ဘာသာပြန်ကြပေသည်။ အလွန်လှပေသော ဘာသာပြန်ချက်ပင် ဖြစ်တော့သည်။ သို့သော် ထိုဘာသာပြန်ချက်အား အချို့သော ဋီကာခဲ့၊ ဆရာတော်ကြီးများက ကိုယ်တော်မူဆာသည် ငယ်စဉ်က ဖာရိုးမင်း၏ ပါးကို ရိုက်ပစ်သည်။ ထိုအခါ ဖာရိုးမင်းက စိတ်ဆိုး၍ သူငယ်အား သတ်ပစ်မည်ပြုသည်၊ ထိုအခါ ဖာရိုး၏ ဇနီးက ကလေးဆိုသည်မှာ အသိဉာဏ်မရှိကြောင်း ပါးကို ရိုက်ခြင်းမဟုတ် မတော်၍ ထိမိခြင်းသာ ဖြစ်ကြောင်း ဖြေသိမ့်သည်၊ ထိုအခါ ဖာရိုးက အသိမရှိလျှင် မီးကို ကိုင်ကြည့်စေလော့ဟု ဆို၍ မီးခဲကို ပေးလိုက်ရာ ကလေးက မီးခဲကို ကိုင်၍ ပါးစပ်

| | |
|---|---|
| ၂၈။ | يَفْقَهُوا قَوْلِي۞<br>တပည့်တော်၏ အပြောအဆိုအား သူတို့အား သဘောပေါက်စေတော်မူပါ။ |
| ၂၉။ | وَاجْعَل لِّي وَزِيرًا مِّنْ أَهْلِي۞<br>တပည့်တော်၏၊ ဝိုင်းတော်သားထဲမှ တပည့်တော်အတွက် သံတမန်တစ်ဦး ခန့်အပ်ပေးတော်မူပါ။ |
| ၃၀။ | هَارُونَ أَخِي۞<br>တပည့်တော်၏ အစ်ကို ဟာရွန်– |
| ၃၁။ | اشْدُدْ بِهِ أَزْرِي۞<br>သူ့ဖြင့် တပည့်တော်အား အင်အားဖြည့်ပေးတော်မူပါ။ |
| ၃၂။ | وَأَشْرِكْهُ فِي أَمْرِي۞<br>တပည့်တော်၏ စီမံချက်၌ သူ့အား တပည့်တော်နှင့် ဘက်စပ်သူ ဖြစ်စေတော်မူပါ။ |
| ၃၃။ | كَيْ نُسَبِّحَكَ كَثِيرًا۞<br>အရှင်၏ တုနှိုင်းမဲ့ဂုဏ်အား များစွာ ပွားများဘို့ရာ ဖြစ်၏။ |
| ၃၄။ | وَنَذْكُرَكَ كَثِيرًا۞<br>အရှင့်အား များစွာ သတိတရ ရှိဘို့ရာလည်း ဖြစ်၏။ |
| ၃၅။ | إِنَّكَ كُنتَ بِنَا بَصِيرًا۞<br>အရှင်သည် တပည့်တော်တို့အား မြင်သိနေတော်မူပါ၏၊’’ဟု ဖြစ်၏။ |
| ၃၆။ | قَالَ قَدْ أُوتِيتَ سُؤْلَكَ يَا مُوسَىٰ۞<br>အရှင်က မိန့်သည်မှာ ‘‘သင်၏ တောင့်တချက်ကို ပြည့်စေတော်မူပြီ၊ အို မူဆာ– |
| ၃၇။ | وَلَقَدْ مَنَنَّا عَلَيْكَ مَرَّةً أُخْرَىٰ۞<br>မုချပင်၊ ငါသည် သင့်အား နောက် တစ်ကြိမ် မျက်နှာသာပေးတော်မူပြီ။ |
| ၃၈။ | إِذْ أَوْحَيْنَا إِلَىٰ أُمِّكَ مَا يُوحَىٰ۞<br>ငါသည် သင့်မိခင်အား အာရုံဖြစ်စေရန် အာရုံဖြစ်တည်ပေးစဉ်က။ |
| ၃၉။ | أَنِ اقْذِفِيهِ فِي التَّابُوتِ فَاقْذِفِيهِ فِي الْيَمِّ فَلْيُلْقِهِ الْيَمُّ بِالسَّاحِلِ يَأْخُذْهُ عَدُوٌّ لِّي وَعَدُوٌّ لَّهُ وَأَلْقَيْتُ عَلَيْكَ<br>مَحَبَّةً مِّنِّي وَلِتُصْنَعَ عَلَىٰ عَيْنِي۞ |

---

ထဲသို့ ထည့်လိုက်ရာ လျှာကို မီးလောင်သွားသည်၊ ထို့ကြောင့် ထိုမီးလောင်နာ အဖုအထစ်များ ပြေပျောက်စေရန် ဆုတောင်းခြင်း ဖြစ်သည်ဟု မဆီမဆိုင် ဘာသာပြန်ကြပေတော့သည်၊ ထိုဒဏ္ဍာရီအား ထောက်ခံအတည်ပြုသော ကျမ်းချက်ဟူ၍ ကုရ်အာန်ကျမ်းတော်၌ လုံး၀ မပါဝင်ပေ၊ ဤသုတ်တော်မှ ဆိုလိုချက်မှာ ကိုယ်တော်မူဆာသည် ဖာရိုးအား တရားဟောရန် ဖာရိုးတို့၏ နန်းတွင်းသုံး ဝေါဟာရအား မကျွမ်းကျင်ခြင်း– သူကိုယ်တိုင်က တိုင်းတစ်ပါး၌ နှစ်ရှည်လများ နေခဲ့ရ၍ သံနေသံထား အသုံးအနှုံး အခက်အခဲဖြစ်ခြင်း– တို့ ပြေလည်စေရန် ဆုတောင်းခြင်းသာ ဖြစ်ပေသည်၊ ထို့အတွက် ဆက်လက်ဖေါ်ပြပါ– သုတ်တော် ၂၈ တွင် တပည့်တော်၏ အပြောအဆိုအား သဘောပေါက်စေတော်မူပါ– ဟူသည့် ထပ်ဖြည့် ဆုတောင်းချက်က အတည်ပြုလျှက် ရှိတော့သည်၊ ထိုအကြောင်းကို သုတ်တော် ၄၄ တွင် သူတို့ထံသို့ သွား၍ ချေငံသော ဘာသာစကားဖြင့် ဟောပြောလော့ဟု ဆိုထားခြင်းသည် အထောက်အထား တစ်ရပ်ပင် ဖြစ်တော့သည်။

| | |
|---|---|
| | သူ့အား ရင်ထဲ၌ ထားလော့။[၆၈၈] ထို့နောက် မြစ်အား သူ့ကို ဝန်ဆောင်စေလော့၊ မြစ်ရေသည် ကမ်းခြေအား သူ့ကို ဝန်ဆောင်စေလိမ့်မည်။ ငါ၏ အတိုက်အခံ သူ၏ အတိုက်အခံ ဖြစ်သည့်သူက သူ့အား ယူဆောင်သွားလိမ့်မည်။ သင့်အား ငါ၏ မျက်မှောက်တော်သို့ ဆောင်ခဲ့စေခြင်းငှာ ငါသည် သင့်အပေါ်၌ ချစ်မေတ္တာဖြင့် လွှမ်းထားတော်မူပြီ။ |
| ၄၀။ | **إِذْ تَمْشِي أُخْتُكَ فَتَقُولُ هَلْ أَدُلُّكُمْ عَلَى مَن يَكْفُلُهُ فَرَجَعْنَاكَ إِلَى أُمِّكَ كَيْ تَقَرَّ عَيْنُهَا وَلَا تَحْزَنَ وَقَتَلْتَ نَفْسًا فَنَجَّيْنَاكَ مِنَ الْغَمِّ وَفَتَنَّاكَ فُتُونًا فَلَبِثْتَ سِنِينَ فِي أَهْلِ مَدْيَنَ ثُمَّ جِئْتَ عَلَى قَدَرٍ يَا مُوسَى۞**<br>သူတို့ထံသို့ သင့်အစ်မသည် သွားရောက်၍ "သူ့အား စောင့်ထိမ်းမည့်သူကို သင်တို့အား ပြပေးရမည်လော၊"ဟု ပြောဆို၏။ သို့ဖြင့် ငါသည် သင့်အား သင့်မိခင်ထံ၌ ပြန်လည် အပ်နှံ၏။ သူမသည် မျက်လုံးများ တည်ငြိမ်လာ၏၊ သောကများပြေသွား၏။ သင်သည် ဉာဉ်တစ်ခုကို တော်လှန်ခဲ့စဉ်က စိတ်မအေးရသော အဖြစ်မှ သင့်အား ငါ ကယ်နုတ်ခဲ့၍၊ သင့်အား စမ်းသပ်ခြင်းဖြင့် စမ်းသပ်ခဲ့၏။ သင်သည် မိဒီယံ ဝိုင်းတော်သားများနှင့် နှစ်များစွာ နေခဲ့ရ၍။ အို မူဆာ၊ စည်းချိန်သတ်မှတ်ထားသည့် အပေါ်၌ သင် ပြန်လာခဲ့ရ၏။ |
| ၄၁။ | **وَاصْطَنَعْتُكَ لِنَفْسِي۞**<br>ငါ၏ စရိုက်တော်အတွက် သင့်အား ရွေးကောက်တော်မူပြီ။[၆၈၉] |
| ၄၂။ | **اذْهَبْ أَنتَ وَأَخُوكَ بِآيَاتِي وَلَا تَنِيَا فِي ذِكْرِي۞**<br>သင်နှင့် သင့်အစ်ကိုသည် ငါ၏ သုတ်ဒေသနာများနှင့်အတူ သွားလော့၊ ငါ့အား သတိတရရှိရန် မမေ့ပစ်ကြလင့်။ |
| ၄၃။ | **اذْهَبَا إِلَى فِرْعَوْنَ إِنَّهُ طَغَى۞**<br>ဖာရိုးထံသို့ သွားလော့။ သူသည် စည်းဖေါက်သူ ဖြစ်၏။ |
| ၄၄။ | **فَقُولَا لَهُ قَوْلًا لَّيِّنًا لَّعَلَّهُ يَتَذَكَّرُ أَوْ يَخْشَى۞**<br>သူသည် သတိရလာဘို့ရာ၊ သို့မဟုတ် အကြောက်တရား ရှိစေဘို့ရာ၊ ချေငံသော စကားဖြင့် ပြောလော့၊"ဟု ဖြစ်၏။ |
| ၄၅။ | **قَالَا رَبَّنَا إِنَّنَا نَخَافُ أَن يَفْرُطَ عَلَيْنَا أَوْ أَن يَطْغَى۞**<br>သူတို့က "အို ကံကြမ္မာရှင်၊ တပည့်တော်တို့အား သူ၏ နှိပ်ကွပ်မှု၊ စည်းဖေါက်မှုကို တပည့်တော်တို့ စိုးကြောက်ပါ၏။" ဟု ဆိုသော်– |
| ၄၆။ | **قَالَ لَا تَخَافَا إِنَّنِي مَعَكُمَا أَسْمَعُ وَأَرَى۞**<br>အရှင်က "မကြောက်ရွံ့လင့်၊ ငါသည် ကြားနေ မြင်နေလျက် သင်တို့နှင့်အတူ ရှိ၏။ |
| ၄၇။ | **فَأْتِيَاهُ فَقُولَا إِنَّا رَسُولَا رَبِّكَ فَأَرْسِلْ مَعَنَا بَنِي إِسْرَائِيلَ وَلَا تُعَذِّبْهُمْ قَدْ جِئْنَاكَ بِآيَةٍ مِّن رَّبِّكَ وَالسَّلَامُ عَلَى** |

---

(၆၈၈) **တာဘူးတ်** ကို သေတ္တာဟု ပြန်ဆိုလျက်၊ ကိုယ်တော်မူဆာအား သေတ္တာထဲတွင် ထည့်ကာ နိုင်းမြစ်ထဲသို့ ပစ်ချလိုက်သည်ဟု အချို့သော ဆရာတော်က ဘာသာပြန်ဆိုကြပေသည်။ **တာဘူးတ်**၏ အနက်မှာ ရင်တွင်း နှလုံးသား ဟုလည်း ဖြစ်ကြောင်း ၂း၂၄၈ ၏ အောက်ခြေတွင် ရှင်းခဲ့ပြီး ဖြစ်သည်။ ဤသုတ်တော်၏ ဆိုလိုချက်မှာ ကိုယ်တော်မူဆာ၏ မိခင်သည် ကိုယ်တော်မူဆာအား ခွဲခွာရမည်ကို စိတ်မအေး ဖြစ်နေရသည်၊ ထို့ကြောင့် သူ့အား ခွဲခွာရမည့် ခံစားချက်ကို စိတ်ထဲတွင်ထားရန်၊ မဖြစ်မနေ လုပ်ဆောင်ရမည့် အလုပ်ကို ပြုလုပ်ရန် ထို့အတွက် ကိုယ်တော်မူဆာမှာ ဘေးမသီ ရန်မခနိုင်ကြောင်းကို အသိနိမိတ်ပေးခြင်း ဖြစ်ပေသည်။ သူမသည် သူ့အား ရင်ထဲမှ ထားကြောင်းကို ၂၈း၇ တွင် **"သူ့အား နို့ချို တိုက်ကျွေးလော့၊"** ဟူသည့် စကားက သက်သေဖြစ်ပေသည်။ ထို့အပြင် မြစ်ရေ၊ ပင်လယ် ဆိုသည်များမှာ လူ့သမိုင်းတွင် ကြုံရမည့် သမိုင်း ရေစီးကြောင်းများကိုလည်း ဆိုလိုပေသည်၊ ကိုယ်တော် မူဆာသည် သမိုင်း ရေစီးကြောင်းတွင် အယူမတူသည့် အတိုက်အခံဖြင့် ထိပ်တိုက်တိုးရမည့် အကြောင်း သို့သော် သူသည် အောင်မြင်ရမည့် အကြောင်းကို နိမိတ်ပေးခြင်းလည်း ဖြစ်ပေသည်။
(၆၈၉) ပရမတ်ဘုရားရှင်၏ စရိုက်တော် ဆိုသည်မှာ ကရုဏာတရားကို ဆိုပေသည်၊ (၆း၁၂)။ ထို့ကြောင့် ဤသုတ်တော်၏ ဆိုလိုချက်မှာ ဒုက္ခနှင့် ရင်ဆိုင်နေရသော ဂျူးလူမျိုးများအား ကရုဏာဖြင့် ကယ်တင်ရန် ကိုယ်တော်မူဆာအား ဉာဏ်စဉ်တော်ဆောင်အဖြစ် ရွေးကောက်ခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | **مَنِ اتَّبَعَ الْهُدَى**۞<br>သူ့ထံသို့ အရောက်သွား၍ ပြောရမည်မှာ “ကျွန်ုပ်တို့သည် သင့်ကံကြမ္မာရှင်၏ ဉာဏ်စဉ်ဆောင်များ ဖြစ်ကြ၏၊ ဂျူးလူမျိုးတို့အား ကျွန်ုပ်တို့နှင့်အတူ စေစားလော့၊ သူတို့အား ဝင့်ဒဏ်မသင့်စေလင့်၊ ကျွန်ုပ်တို့သည် သင့်ထံသို့ သင့်ကံကြမ္မာရှင်၏ထံမှ သုတ်ဒေသနာတစ်ပါး ဆောင်ခဲ့၏။ လမ်းညွှန်ကို လိုက်နာသူတို့အပေါ်သို့ ငြိမ်းချမ်းသာယာပါစေ။ |
| ၄၈။ | **إِنَّا قَدْ أُوحِيَ إِلَيْنَا أَنَّ الْعَذَابَ عَلَى مَن كَذَّبَ وَتَوَلَّى**۞<br>ငြင်းဆန် ဦးလှည့်သူအပေါ်သို့ ဝင့်ကြွေးဒဏ်ရှိသည်ဟု ကျွန်ုပ်တို့ ကေန် မုချ အာရုံစျာန်ရရှိ၏၊”ဟု ဖြစ်၏။ |
| ၄၉။<br>ဖာရိုး | **قَالَ فَمَن رَّبُّكُمَا يَا مُوسَى**۞<br>**သူ**က “အို မူဆာ သင့်ကံကြမ္မာရှင်သည် မည်သူ ဖြစ်သနည်း၊”ဟု မေးသော်။ |
| ၅၀။ | **قَالَ رَبُّنَا الَّذِي أَعْطَى كُلَّ شَيْءٍ خَلْقَهُ ثُمَّ هَدَى**۞<br>သူက “ကျွန်ုပ်တို့၏ ကံကြမ္မာရှင်မှာ ဖြစ်တည်ပေးခြင်းတို့အား သဗ္ဗလုံးစုံ ဖြည့်ဆည်းပေး၍၊ တည့်မတ်ပေးသော အရှင်ဖြစ်၏၊”ဟု ဆို၏။ |
| ၅၁။<br>ဖာရိုး | **قَالَ فَمَا بَالُ الْقُرُونِ الْأُولَى**۞<br>**သူ**က “သို့ဖြစ်လျှင် ရှေးပထမ မျိုးဆက်များမှာ အဘယ်သို့ ရှိချေသနည်း၊”ဟု မေးမြန်း၏။ |
| ၅၂။ | **قَالَ عِلْمُهَا عِندَ رَبِّي فِي كِتَابٍ لَّا يَضِلُّ رَبِّي وَلَا يَنسَى**۞<br>သူ ပြန်ပြောသည်မှာ “၎င်းအား သိနိုင်မှုသည် ကံကြမ္မာရှင်၏ ထံပါးမှ၊ မှတ်တမ်းထဲ၌ ရှိ၏။ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် လွဲမှားခြင်း၊ မေ့လျော့ခြင်း မရှိချေ။– |
| ၅၃။ | **الَّذِي جَعَلَ لَكُمُ الْأَرْضَ مَهْدًا وَسَلَكَ لَكُمْ فِيهَا سُبُلًا وَأَنزَلَ مِنَ السَّمَاء مَاء فَأَخْرَجْنَا بِهِ أَزْوَاجًا مِّن نَّبَاتٍ شَتَّى**۞<br>အရှင်သည် သင်တို့အတွက် မြေကမ္ဘာကို ဖြန့်ထားတော်မူ၏။ ထို၌ သင်တို့အတွက် လမ်းကြောင်းဖြစ်ရန် လမ်း အုကြောင်းပေးထား၏။ ကောင်းကင်မှ မိုးရေကို သွန်းကျစေ၍ ၎င်းဖြင့် အစုဖွဲ့ သစ်ပင်မျိုးစုံကို ပေါက်ရောက်စေ၏။ |
| ၅၄။ | **كُلُوا وَارْعَوْا أَنْعَامَكُمْ إِنَّ فِي ذَلِكَ لَآيَاتٍ لِّأُوْلِي النُّهَى**۞<br>စားသုံးကြလော့၊ သင်တို့၏ တိရိစ္ဆာန်များအတွက် စားကျက်ဖြစ်စေလော့၊ ဤ၌ နားလည်မှုရှိသော ပညာရှင်များအတွက် သက်သေလက္ခဏာ ရှိနေ၏၊”ဟု ဖြစ်၏။ |
| ၅၅။<br>မြေ | **مِنْهَا خَلَقْنَاكُمْ وَفِيهَا نُعِيدُكُمْ وَمِنْهَا نُخْرِجُكُمْ تَارَةً أُخْرَى**۞<br>ငါသည် သင်တို့အား **ထို**မှ ဖြစ်တည်စေ၍၊ သင်တို့အား **ထို**အထဲ၌ ဆက်လက်ဖြစ်စေကာ၊ သင်တို့အား နောက်ထပ်တစ်ကြိမ် ထုတ်ယူတော်မူ၏။ |
| ၅၆။<br>ဖာရိုး | **وَلَقَدْ أَرَيْنَاهُ آيَاتِنَا كُلَّهَا فَكَذَّبَ وَأَبَى**۞<br>ငါသည် ငါ၏ သုတ်ဒေသနာကိုယ်စီအား **သူ့**ကို မုချ မြင်စေသော်လည်း၊ သူသည် ငြင်းဆန်၊ ငြင်းပယ်၍။ |
| ၅၇။ | **قَالَ أَجِئْتَنَا لِتُخْرِجَنَا مِنْ أَرْضِنَا بِسِحْرِكَ يَا مُوسَى**۞<br>“အို မူဆာ၊ သင်၏ မှော်အတတ်ဖြင့် ကျွန်ုပ်တို့အား မြေကမ္ဘာမှ မောင်းထုတ်ရန် ကျွန်ုပ်တို့ထံသို့ ရောက်လာသလော၊ |
| ၅၈။ | **فَلَنَأْتِيَنَّكَ بِسِحْرٍ مِّثْلِهِ فَاجْعَلْ بَيْنَنَا وَبَيْنَكَ مَوْعِدًا لَّا نُخْلِفُهُ نَحْنُ وَلَا أَنتَ مَكَانًا سُوًى**۞ |

| | |
|---|---|
| | ကျွန်ုပ်တို့သည်လည်း အလားတူ မှော်အတတ်ကို သင့်ထံသို့ ပေးရောက်စေအံ့၊ ထို့ကြောင့် ကျွန်ုပ်တို့နှင့် သင်တို့ အကြား၊ ကျွန်ုပ်တို့ သင်တို့သည် မချိုးမဖျက် ဘက်မလိုက်သော နေရာသို့ ချိန်းချက်သတ်မှတ်ကြပါစို့၊”ဟု ဆို၏။ |
| ၅၉။<br>မူဆာ | قَالَ مَوْعِدُكُمْ يَوْمُ الزِّينَةِ وَأَن يُحْشَرَ النَّاسُ ضُحًى ۞<br>**သူ**က “သင်တို့၏ ရက်ချိန်းသည် ပွဲတော်ကြီးနေ့ ဖြစ်သင့်၏၊ လူသားတို့အား နေ့လည်အချိန်၌ စုရုံးကြပါစေ၊”ဟု ပြော၏။ |
| ၆၀။ | فَتَوَلَّى فِرْعَوْنُ فَجَمَعَ كَيْدَهُ ثُمَّ أَتَى ۞<br>ဖာရိုးသည် လှည့်ပြန်၍၊ သူ၏ ဗျူဟာများကို စုကာ တဖန် ရောက်လာ၏။ |
| ၆၁။<br>မူဆာ | قَالَ لَهُم مُّوسَى وَيْلَكُمْ لَا تَفْتَرُوا عَلَى اللَّهِ كَذِبًا فَيُسْحِتَكُمْ بِعَذَابٍ وَقَدْ خَابَ مَنِ افْتَرَى ۞<br>**သူ**က သူတို့အား “သင်တို့ ပျက်စီးရလတ္တံ့၊ ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ ဝင့်ဆိုက် ပျက်သုဉ်းစေမည့် လီဆယ်မှုကို မဖန်တီးကြနှင့်၊ ဖန်တီးသူတို့သည် ကျဆုံးရမည်သာတည်း၊”ဟု ဆို၏။ |
| ၆၂။ | فَتَنَازَعُوا أَمْرَهُم بَيْنَهُمْ وَأَسَرُّوا النَّجْوَى ۞<br>သူတို့၏ စီမံချက်ကို အချင်းချင်း အချေအတင်ပြောဆို၍၊ လျှို့ဝှက် သိုသိပ်ထားလျက်၊ |
| ၆၃။ | قَالُوا إِنْ هَذَانِ لَسَاحِرَانِ يُرِيدَانِ أَن يُخْرِجَاكُم مِّنْ أَرْضِكُم بِسِحْرِهِمَا وَيَذْهَبَا بِطَرِيقَتِكُمُ الْمُثْلَى ۞<br>ပြောကြသည်မှာ “သူတို့နှစ်ဦးသည် မှော်ဆရာများ ဖြစ်ကြ၏။ သူတို့သည် သူတို့၏ မှော်အတတ်ဖြင့် သင်တို့၏ မြေမှ သင်တို့အား မောင်းထုတ် လိုကြ၍၊ သင်တို့၏ အသားကျပြီး လမ်းကို သုတ်သင်ပစ်ကြ၏။– |
| ၆၄။ | فَأَجْمِعُوا كَيْدَكُمْ ثُمَّ ائْتُوا صَفًّا وَقَدْ أَفْلَحَ الْيَوْمَ مَنِ اسْتَعْلَى ۞<br>ထို့ကြောင့် သင်တို့၏ ဗျူဟာများကို စုကြလော့၊ ထို့နောက် ဝါစဉ်အတိုင်း လာရောက်လော့၊ အောင်နိုင်သူသည် ယနေ့၌ မုချ အမြင့်ဆုံး ဖြစ်ရလတ္တံ့၊”ဟု ဖြစ်၏။ |
| ၆၅။ | قَالُوا يَا مُوسَى إِمَّا أَن تُلْقِيَ وَإِمَّا أَن نَّكُونَ أَوَّلَ مَنْ أَلْقَى ۞<br>သူတို့က “အို မူဆာ၊ အသင်က အလျှင် ပြသမည်လော၊ သို့မဟုတ် ကျွန်ုပ်တို့က အလျှင် ပြသသူများ ဖြစ်ရမည်လော၊”ဟု ဆိုသော်၊ |
| ၆၆။<br>☆ ၇း၁၁၇<br>၂၆း၄၄ | قَالَ بَلْ أَلْقُوا فَإِذَا حِبَالُهُمْ وَعِصِيُّهُمْ يُخَيَّلُ إِلَيْهِ مِن سِحْرِهِمْ أَنَّهَا تَسْعَى ۞<br>သူက “အမှန်မှာ– ပြသကြလော့၊”ဟု ဆို၍၊ ထိုအခါ သူတို့၏ မှော်အတတ်ကြောင့် သူတို့၏ ကြိုးများ၊ လက်ထောက်များသည် သူ့အပေါ်၌ လှုပ်ရှားလာ၏။☆ |
| ၆၇။ | فَأَوْجَسَ فِي نَفْسِهِ خِيفَةً مُّوسَى ۞<br>မူဆာသည် သူ့စိတ်၌ စိုးရိမ်မိသည်ကို သတိထားမိ၏။[၆၉၀] |
| ၆၈။ | قُلْنَا لَا تَخَفْ إِنَّكَ أَنتَ الْأَعْلَى ۞<br>ငါ မိန့်သည်မှာ “သင် မစိုးရိမ်နှင့် သင်သည် အပေါ်စီးမှ ရှိနေ၏။– |
| ၆၉။ | وَأَلْقِ مَا فِي يَمِينِكَ تَلْقَفْ مَا صَنَعُوا إِنَّمَا صَنَعُوا كَيْدُ سَاحِرٍ وَلَا يُفْلِحُ السَّاحِرُ حَيْثُ أَتَى ۞ |

(၆၉၀) ဤခြင်းကျင်းပြသမှုသည် လှည့်စားမှုသာ ဖြစ်ကြောင်း ၇း၁၁၇ တွင် ရှင်းခဲ့ပေပြီ၊ ဤသုတ်တော်မှ ဆိုသော ကိုယ်တော်မူဆာ၏ စိတ်၌ စိုးရိမ်မှု ဖြစ်ပေါ်ခြင်း ဆိုသည်မှာ ထိုဆရာများ၏ လက်ချက်ကြောင့် လူသားများ လမ်းမှားသို့ ဖျားယောင်းခံရမည်ကို စိုးရိမ်ခြင်းသာ ဖြစ်ပေသည်။ ပရောဂ ဆရာတို့၏ အတတ်ပညာအတွက် ကြောက်လန့်ခြင်း မဟုတ်ချေ။

| | |
|---|---|
| | သင့် ညာလက်၌ ရှိရာကို ပြသလော့၊ ၎င်းသည် သူတို့၏ ဥပါယ်တမည်ကို ဝါးမြိုးလိုက်လိမ့်မည်၊ သူတို့၏ ဥပါယ်တမည်သည် မှော်ဆရာ၏ ဗျူဟာသာ ဖြစ်၏။ မှော်ဆရာဟူသည် မည်သည့်နေရာမှ ရောက်လာသည်ဖြစ်စေ အောင်မြင်ခြင်း မရှိချေ။''ဟု ဖြစ်၏။ |
| ၇၀။ | **فَأُلْقِيَ السَّحَرَةُ سُجَّدًا قَالُوا آمَنَّا بِرَبِّ هَارُونَ وَمُوسَى۞**<br>သို့ဖြင့် ပြသသော မှော်ဆရာတို့မှာ ဦးချကြလျက် ''မူဆာနှင့် ဟာရွန်တို့၏ ကံကြမ္မာရှင်အား ကျွန်ုပ်တို့ သက်ဝင်ယုံကြည်ပါပြီ''ဟု ဆိုကြ၏။ |
| ၇၁။<br>ဖာရိုး<br>☆<br>မူဆာ | **قَالَ آمَنتُمْ لَهُ قَبْلَ أَنْ آذَنَ لَكُمْ إِنَّهُ لَكَبِيرُكُمُ الَّذِي عَلَّمَكُمُ السِّحْرَ فَلَأُقَطِّعَنَّ أَيْدِيَكُمْ وَأَرْجُلَكُم مِّنْ خِلَافٍ وَلَأُصَلِّبَنَّكُمْ فِي جُذُوعِ النَّخْلِ وَلَتَعْلَمُنَّ أَيُّنَا أَشَدُّ عَذَابًا وَأَبْقَى۞**<br>**သူ**က ''သင်တို့သည် ကျွန်ုပ်၏ ခွင့်ပြုချက်မရမီ ၎င်းအား ယုံကြည်ကြသလော၊ သူသည်☆ သင်တို့အား မှော် ပညာ သင်ပေးသော သင်တို့၏ အကြီးအကဲ ဖြစ်ရမည်၊ ကျွန်ုပ်သည် သင်တို့၏ လက်များ ခြေများကို ဆန့်ကျင်ဘက် ဖြတ်တောက်မည်၊ သင်တို့အား စွံပလွံနံပင်၏ ပင်စည်ပေါ်၌ ကားစင်တင်ပစ်မည်၊ ကျွန်ုပ်တို့မှ မည်သူသည် သင်တို့အား ပိုမိုပြတ်သားသော ရေရှည်သော ဝဋ်ဒဏ်ကို ပေးနိုင်ကြောင်း သိရလတ္တံ့''ဟု ကြုံးဝါး၏။ |
| ၇၂။<br>ဆုံး<br>ဖြတ် | **قَالُوا لَن نُّؤْثِرَكَ عَلَى مَا جَاءنَا مِنَ الْبَيِّنَاتِ وَالَّذِي فَطَرَنَا فَاقْضِ مَا أَنتَ قَاضٍ إِنَّمَا تَقْضِي هَذِهِ الْحَيَاةَ الدُّنْيَا۞**<br>သူတို့က ပြောသည်မှာ ''ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်ထံမှ ကျွန်ုပ်တို့ထံသို့ ရောက်လာသော ရှင်းလင်းချက်ထက် အသင့်အား အမှုမထားချေ၊ သို့ဖြစ်၍ သင် **အတည်ပြု**မည်ကို **အတည်ပြု**လော့၊ သင်သည် ဤလောကီ သက်တမ်း၌သာ **အတည်ပြု**နိုင်ရာ၏။– |
| ၇၃။ | **إِنَّا آمَنَّا بِرَبِّنَا لِيَغْفِرَ لَنَا خَطَايَانَا وَمَا أَكْرَهْتَنَا عَلَيْهِ مِنَ السِّحْرِ وَاللَّهُ خَيْرٌ وَأَبْقَى۞**<br>ကျွန်ုပ်တို့၏ မေ့ပြစ်များ၊ သင်က ကျွန်ုပ်တို့အား အဓမ္မခိုင်းစေသော မှော်အတတ်များမှ လွတ်ငြိမ်းစေအံ့ငှာ ကျွန်ုပ်တို့၏ ကံကြမ္မာရှင်အား သက်ဝင်ယုံကြည်ပါ၏၊ ပရမတ်ဘုရားရှင်သည် အမြတ်ဆုံးဖြစ်၏၊ ထာဝရ ဖြစ်၏။ |
| ၇၄။ | **إِنَّهُ مَن يَأْتِ رَبَّهُ مُجْرِمًا فَإِنَّ لَهُ جَهَنَّمَ لَا يَمُوتُ فِيهَا وَلَا يَحْيَى۞**<br>မည်သူမဆို သူ့ကံကြမ္မာရှင်၏ထံသို့ ဒုစရိုက်ကောင်အဖြစ် ရောက်လာ၏၊ ထိုသူအတွက် ဇေနမ်ပင် ငရဲဘုံသည် ရှိ၏။ ထို၌ သေရမည်မဟုတ် ရှင်ရမည်လည်း မဟုတ်ချေ။[၆၉၁] |
| ၇၅။<br>☆<br>၂း၂၂၈ | **وَمَنْ يَأْتِهِ مُؤْمِنًا قَدْ عَمِلَ الصَّالِحَاتِ فَأُوْلَئِكَ لَهُمُ الدَّرَجَاتُ الْعُلَى۞**<br>သက်ဝင်ယုံကြည်ချက်ဖြင့် ရောက်လာ၍၊ ပြုပြင်မှုကျင့်ကြံသူ၊ ထိုသူတို့အတွက် အခွင့်အလမ်းမှာ☆ အပေါ်စီးမှ ဖြစ်၏။ |
| ၇၆။ | **جَنَّاتُ عَدْنٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا وَذَلِكَ جَزَاء مَن تَزَكَّى۞**<br>အောက်ခြေ၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော တည်တံ့ခြင်း သုခဘုံ၌ ကာလမဲ့စံစားရမည်ပင်။ ဤသည် စင်ကြယ်သူများအဘို့ အကျိုးဆုပင် ဖြစ်၏။ |
| ၇၇။ | **وَلَقَدْ أَوْحَيْنَا إِلَى مُوسَى أَنْ أَسْرِ بِعِبَادِي فَاضْرِبْ لَهُمْ طَرِيقًا فِي الْبَحْرِ يَبَسًا لَّا تَخَافُ دَرَكًا وَلَا** |

(၆၉၁) ဤသည် ကျမ်းတော်က ပမာပေးသော ငရဲဘုံအတွက် ဥပမာများအနက်မှ တစ်ခုဖြစ်၏။ အမှန်တရားအား စီစစ်လက်ခံရမည်ကို ကြောက်၍ မိရိုးဖလာ၌ နစ်မွန်းနေသော လူမျိုးအတွက် ငရဲဘုံဟု တင်စားသော လောကဒုက္ခထဲ၌ မျိုးဆက်လိုက် နေနေရမည်ဖြစ်၍၊ ထိုလူမျိုးသည် စိတ်ဓါတ်တော်လှန်ရေးအတွက် ရှင်သန်နိုးကြားလိမ့်မည် မဟုတ်ဟု ဆိုလိုပေသည်။ ထိုသို့ အတွေးအခေါ် လူစဥ်မမှီသော ဘဝဖြင့် နေနေရခြင်းသည်ပင် ငရဲဘုံ၌ နေနေရခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ☆<br>၂း၅၀<br>★<br>၂း၆၀ | **تَخْشَى** ۞<br>ငါက မူဆာအား အာရုံဖြစ်တည်ပေးသည်မှာ “ငါ၏ အမှုဆောင်များဖြင့် ညခရီးကိုထွက်လော့၊ သူတို့အတွက် ပင်လယ်ဝကို ဖြတ်လျှက် ခြောက်သွေ့သောလမ်းမှ☆ ချီလော့၊★ သင်တို့အား ဖမ်းမိလိမ့်မည်ဟု မကြောက်နှင့်၊ တုန်လှုပ်ခြင်းလည်း မရှိနှင့်။ |
| ၇၈။ | **فَأَتْبَعَهُمْ فِرْعَوْنُ بِجُنُودِهِ فَغَشِيَهُم مِّنَ الْيَمِّ مَا غَشِيَهُمْ** ۞<br>သူတို့အား ဖာရိုးနှင့် သူ၏ တပ်သည် လိုက်၏၊ ထိုအခါ ၎င်းတို့အား မြစ်ပြင်သည် သူတို့၏ ဖုံးလွှမ်းခြင်းဖြင့် ဖုံးလိုက်၏။ |
| ၇၉။ | **وَأَضَلَّ فِرْعَوْنُ قَوْمَهُ وَمَا هَدَى** ۞<br>ဖာရိုးသည် သူ့လူမျိုးအား လမ်းလွဲစေ၏၊ သူသည် လမ်းမှန်ကို မညွှန်ချေ။ |
| ၈၀။ | **يَا بَنِي إِسْرَائِيلَ قَدْ أَنجَيْنَاكُم مِّنْ عَدُوِّكُمْ وَوَاعَدْنَاكُمْ جَانِبَ الطُّورِ الْأَيْمَنَ وَنَزَّلْنَا عَلَيْكُمُ الْمَنَّ وَالسَّلْوَى** ۞<br>အို ဂျူးလူမျိုးတို့၊ သင်တို့၏ ရန်သူထံမှ သင်တို့အား ကယ်နုတ်ခဲ့ပြီ၊ သိနတောင် နံဘေး ငြိမ်းအေးသော နေရာအားကတိတော် ထားခဲ့ပြီ၊ သင်တို့အပေါ်သို့ သုဓာနှင့် ငုံးငှက်တို့ကို ချမှတ်ပေးခဲ့ပြီ။[၆၂] |
| ၈၁။<br><br>☆၁း၇ | **كُلُوا مِن طَيِّبَاتِ مَا رَزَقْنَاكُمْ وَلَا تَطْغَوْا فِيهِ فَيَحِلَّ عَلَيْكُمْ غَضَبِي وَمَن يَحْلِلْ عَلَيْهِ غَضَبِي فَقَدْ هَوَى** ۞<br>သင်တို့အား သန့်စင်ရာများမှ ရိက္ခာပေးသည်ကို စားသုံးကြလော့၊ သင့်တို့အား ကံကြီးမသင့်စေအံ့ငှာ စည်းမဖေါက်ကြလင့်၊ ငါ့ထံမှ ကံကြီးသင့်ခံရသူသည်☆ မုချ လုံးပါးရသူ ဖြစ်၏။ |
| ၈၂။ | **وَإِنِّي لَغَفَّارٌ لِّمَن تَابَ وَآمَنَ وَعَمِلَ صَالِحًا ثُمَّ اهْتَدَى** ۞<br>ခဝါချ၊ ယုံကြည်လျှက် ပြုပြင်မှု ကျင့်ကြံသူအား ငါသည် ကေန် လွတ်ငြိမ်းစေ၏၊ တဖန် လမ်းညွှန်ပေး၏။ |
| ၈၃။ | **وَمَا أَعْجَلَكَ عَن قَوْمِكَ يَا مُوسَى** ۞<br>“အို မူဆာ၊ အဘယ်အရာက သင့်အား သင်၏ လူမျိုးထက် စိတ်စောစေခဲ့သနည်း၊” |
| ၈၄။ | **قَالَ هُمْ أُولَاء عَلَى أَثَرِي وَعَجِلْتُ إِلَيْكَ رَبِّ لِتَرْضَى** ۞<br>သူက “သူတို့သည် တပည့်တော်၏ ခရီး၌ ရှိ၏၊ အရှင်၏ ကျေနပ်စေခြင်းငှာ တပည့်တော်သည် ကံကြမ္မာရှင်ထံသို့စိတ်စောလျှက် ရှိပါ၏၊”ဟု လျှောက်ထား၏။ |
| ၈၅။<br>☆<br>၂း၅၁ | **قَالَ فَإِنَّا قَدْ فَتَنَّا قَوْمَكَ مِن بَعْدِكَ وَأَضَلَّهُمُ السَّامِرِيُّ** ۞<br>အရှင်က “သင့်နောက်၌ သင့်လူမျိုးအား ငါ စုံစမ်းလျှက်ရှိ၏၊ **စာမရီ**သည် သူတို့အား အပါယ်သို့ပို့နေ၏၊”ဟု မိန့်သော်၊☆ |
| ၈၆။ | **فَرَجَعَ مُوسَى إِلَى قَوْمِهِ غَضْبَانَ أَسِفًا قَالَ يَا قَوْمِ أَلَمْ يَعِدْكُمْ رَبُّكُمْ وَعْدًا حَسَنًا أَفَطَالَ عَلَيْكُمُ الْعَهْدُ أَمْ أَرَدتُّمْ أَن يَحِلَّ عَلَيْكُمْ غَضَبٌ مِّن رَّبِّكُمْ فَأَخْلَفْتُم مَّوْعِدِي** ۞<br>မူဆာသည် ဒေါသစိတ်၊ ကြေကွဲစိတ်ဖြင့် သူ့လူမျိုးထံသို့ လှည့်ပြန်လျှက် “အို ကျွန်ုပ်၏ လူမျိုးတို့၊ သင်တို့၏ ကံကြမ္မာရှင်သည် သင်တို့အား ကောင်းမွန်သော ကတိတော်ဖြင့် ကတိမထားခဲ့လေသလော။ သင်တို့အပေါ်သို့ ကတိတော်သည် ခရီးဝေးသလော၊ သို့မဟုတ် ကံကြမ္မာရှင်၏ထံမှ ကံကြီးသင့်စေမှုသည် သင်တို့အတွက် တရားဝင် ဖြစ်စေအံ့ငှာ |

(၆၂) ရန်သူများထံမှ လွတ်မြောက်ရန် ခရီးနှင်လာရသော ဂျူးလူမျိုးတို့အား နားနေရန် သိနေတောင်၏ အခြားတစ်ဘက်အား ဘေးကင်းသော နေရာအဖြစ် ရှိနေခဲ့စေခြင်း ဖြစ်ပေသည်။ အချို့သော ဆရာတော်များက ကျက်သရေ ရှိသော နေရာ ဟုလည်း ပြန်ဆိုပေသည်။ ထိုနေရာသည် အရိပ်အဝါသ ရရှိသော နေရာ ဖြစ်ကြောင်း ၂း၅၇ တွင် ဖေါ်ပြထားပေသည်။

| | |
|---|---|
| | ကတိသစ္စာအား ချိုးဖျက်လိုကြသလော၊”ဟု ဆို၏။ |
| ၈၇။ | قَالُوا مَا أَخْلَفْنَا مَوْعِدَكَ بِمَلْكِنَا وَلَكِنَّا حُمِّلْنَا أَوْزَارًا مِّن زِينَةِ الْقَوْمِ فَقَذَفْنَاهَا فَكَذَٰلِكَ أَلْقَى السَّامِرِيُّ ۝<br>သူတို့ ပြန်ပြောသည်မှာ “ကျွန်ုပ်တို့သည် သင်နှင့်ထားသော ကတိအား ကျွန်ုပ်တို့၏ အခွင့်ဖြင့် ချိုးဖျက်ခြင်း မဟုတ်၊ သို့သော် ကျွန်ုပ် တို့သည် အမျိုးသားထု၏ ကျောက်မျက် ရတနာများကို သယ်ပိုးရ၍၊ ၎င်းတို့အား စွန့်ပစ်လိုက်ကြ၏။ ယင်းသည် စာမရီ၏ အကြံပေးချက် ဖြစ်၏။– |
| ၈၈။ | فَأَخْرَجَ لَهُمْ عِجْلًا جَسَدًا لَّهُ خُوَارٌ فَقَالُوا هَٰذَا إِلَٰهُكُمْ وَإِلَٰهُ مُوسَىٰ فَنَسِيَ ۝<br>သူသည် ၎င်းတို့မှ နွားငယ်၊ ကိုယ်ထည်နှင့် အသံထွက်ရန် ထုတ်လုပ်၏။ ထို့နောက် သူတို့က “ဤသည် သင်တို့၏ ဘုရားရှင်၊ မူဆာ၏ ဘုရားရှင် ဖြစ်၏။ သို့သော် သူသည် မေ့နေခြင်း ဖြစ်၏၊”ဟု ဆိုကြောင်းပင် ဖြစ်၏။ |
| ၈၉။ | أَفَلَا يَرَوْنَ أَلَّا يَرْجِعُ إِلَيْهِمْ قَوْلًا وَلَا يَمْلِكُ لَهُمْ ضَرًّا وَلَا نَفْعًا ۝<br>၎င်းသည် သူတို့အား စကားပြန်ပြောခြင်းမရှိ၊ ထိခိုက်စေခြင်း၊ အကျိုးဖြစ်စေခြင်း အခွင့်အာဏာ မရှိသည်ကို သူတို့ မမြင်ကြသလော၊ |
| ၉၀။ | وَلَقَدْ قَالَ لَهُمْ هَارُونُ مِن قَبْلُ يَا قَوْمِ إِنَّمَا فُتِنتُم بِهِ وَإِنَّ رَبَّكُمُ الرَّحْمَٰنُ فَاتَّبِعُونِي وَأَطِيعُوا أَمْرِي ۝<br>ဤမတိုင်မီ ဟာရွန်က သူတို့အား “အို ကျွန်ုပ်၏ လူမျိုးတို့၊ သင်တို့သည် ဤအမှုဖြင့် စမ်းသပ်ကြလေပြီ၊ သင်တို့၏ ကံကြမ္မာရှင်သည် ကရုဏာရှင်ဖြစ်၏၊ သို့ဖြစ်၍ ကျွန်ုပ်နောက်သို့ လိုက်ကြလော့၊ ကျွန်ုပ်၏ စီမံချက်ကို လိုက်နာကြလော့၊”ဟု မုချ ဟောပြောသော်။ |
| ၉၁။ | قَالُوا لَن نَّبْرَحَ عَلَيْهِ عَاكِفِينَ حَتَّىٰ يَرْجِعَ إِلَيْنَا مُوسَىٰ ۝<br>သူတို့က “ကျွန်ုပ်တို့သည် မူဆာ ကျွန်ုပ်တို့ထံသို့ ပြန်လာသည်အထိ ၎င်းအပေါ် နှတ်ဆိတ်နေမှုကို ရပ်စဲမည် မဟုတ်ပါ၊”ဟု ဆိုကြ၏။[၆၉၃] |
| ၉၂။<br>မူဆာ | قَالَ يَا هَارُونُ مَا مَنَعَكَ إِذْ رَأَيْتَهُمْ ضَلُّوا ۝<br>**သူ**က “အို ဟာရွန်၊ သူတို့ လမ်းလွဲနေသည်ကို သင် မြင်ပါလျှက် သင့်အား အဘယ်အရာ ဟန့်တားထားသနည်း၊ |
| ၉၃။ | أَلَّا تَتَّبِعَنِ أَفَعَصَيْتَ أَمْرِي ۝<br>ကျွန်ုပ်အား မလိုက်နာသလော၊ ကျွန်ုပ်၏ စီမံချက်အား အာခံလေသလော၊”ဟု ဆိုသော်– |
| ၉၄။<br>☆<br>၇:၁၅၀ | قَالَ يَا ابْنَ أُمَّ لَا تَأْخُذْ بِلِحْيَتِي وَلَا بِرَأْسِي إِنِّي خَشِيتُ أَن تَقُولَ فَرَّقْتَ بَيْنَ بَنِي إِسْرَائِيلَ وَلَمْ تَرْقُبْ قَوْلِي ۝<br>သူက “အို အမေ၏ သား၊ ကျွန်ုပ်၏ မုတ်ဆိတ်အားဖြင့် ဦးခေါင်းကို မဆွဲပါနှင့်၊☆ ကျွန်ုပ်သည် ဂျူးလူမျိုးများအား ခွဲခြားသည်ဟု၊ သင့် စကားကို စောင့်မနေနိုင်ဟု သင်ကပြောလာမည်ကို ကျွန်ုပ် စိုးထိတ်ခဲ့ပါ၏၊”ဟု ပြန်ပြောသော်၊ |
| ၉၅။<br>မူဆာ | قَالَ فَمَا خَطْبُكَ يَا سَامِرِيُّ ۝<br>**သူ**က “သင့်၌ မည်သည့် ခွန်းဆင့်ပြန်စရာ ရှိသနည်း၊ စာမရီ”ဟု မေး၏။ |
| ၉၆။ | قَالَ بَصُرْتُ بِمَا لَمْ يَبْصُرُوا بِهِ فَقَبَضْتُ قَبْضَةً مِّنْ أَثَرِ الرَّسُولِ فَنَبَذْتُهَا وَكَذَٰلِكَ سَوَّلَتْ لِي نَفْسِي ۝ |

(၆၉၃) ဤသုတ်တော်မှ **အာကေဖီးန်န** ဆိုသည်မှာ ရိုးရာအစွဲအား ပြန်မပြောနားမထောင်ဘဲ ဆိတ်ဆိတ်နေလက်ခံခြင်း၊ ဝဇီပိတ်ကျင့်ခြင်း –ဟု အနက်ရပေသည်၊ ဆိုလိုသည်မှာ သူတို့အား နွားကိုးကွယ်ခြင်း အတတ်အား သွန်သင်လမ်းပြသူအား သူတို့အနေဖြင့် မတော်လှန်ရဲဘဲ ဆိတ်ဆိတ်နေခြင်း ဖြစ်၍ ကိုယ်တော်မူဆာ သူတို့ပြန်ရောက်လာမှ ကိုယ်တော်မူဆာ အားကိုးဖြင့် လိုအပ်သလို ပြန်လည် စီစဉ်မည်ဟု ဖြစ်ပေသည်။

| | |
|---|---|
| | သူက "သူတို့ မမြင်ရာကို ကျွန်ုပ်မြင်ခဲ့၏၊ ထို့ကြောင့် ကျွန်ုပ်သည် ဥဿဏ်စဉ်တော်ဆောင်၏ ခြေရာမှ တစ်ဆုပ်စာခန့် ဆုပ်ခဲ့၏၊ ထို့နောက် ၎င်းကို စွန့်ပစ်ခဲ့၏၊ ၎င်းသည် ကျွန်ုပ်၏ စိတ်အား ဤသို့ လှုံ့ဆော်ခဲ့၏၊"ဟု ဆို၏။[၆၉၄] |
| ၉၇။<br>မူဆာ | **قَالَ فَاذْهَبْ فَإِنَّ لَكَ فِي الْحَيَاةِ أَن تَقُولَ لَا مِسَاسَ وَإِنَّ لَكَ مَوْعِدًا لَّنْ تُخْلَفَهُ وَانظُرْ إِلَى إِلَهِكَ الَّذِي ظَلْتَ عَلَيْهِ عَاكِفًا لَّنُحَرِّقَنَّهُ ثُمَّ لَنَنسِفَنَّهُ فِي الْيَمِّ نَسْفًا ۞**<br>**သူ**က "သွားလိုက်လော့၊ သင့်အနေဖြင့် ဤဘဝ၌ ကျွန်ုပ်ကို မထိနှင့်ဟု ပြောနိုင်၏။ သို့သော် သင် မချိုးဖျက်နိုင်သော ကတိသည် ရှိနေ၏၊ သင် နှတ်ဆိတ် ဖက်တွယ်နေသော သင်၏ ဘုရားဆီသို့ မျှော်ကြည့်လော့၊ ကျွန်ုပ်တို့သည် ၎င်းကို ပြာချပစ်လတ္တံ့၊ ထို့နောက် မြစ်ပြင်ထဲသို့ မျှောပစ်လတ္တံ့၊ ကျန်ရစ်လေလော့၊"ဟု ဆို၏။ |
| ၉၈။ | **إِنَّمَا إِلَهُكُمُ اللَّهُ الَّذِي لَا إِلَهَ إِلَّا هُوَ وَسِعَ كُلَّ شَيْءٍ عِلْمًا ۞**<br>သင်တို့၏ ဘုရားရှင်သည် ပရမတ်ဘုရားရှင်ပင် ဖြစ်၏။ အရှင်မှ အပ အခြား ဘုရားဟူ၍ မရှိ၊ အရှင်သည် ခပ်သိမ်း ကုန်သို့ ဥဿဏ်စေစား ဝန်းရံလျှက် ရှိ၏။ |
| ၉၉။ | **كَذَلِكَ نَقُصُّ عَلَيْكَ مِنْ أَنبَاء مَا قَدْ سَبَقَ وَقَدْ آتَيْنَاكَ مِن لَّدُنَّا ذِكْرًا ۞**<br>ငါသည် သင့်အား သတ်မှတ်ချက် အကြောင်းအရာများကို  ဤသို့ ဖွင့်ဆိုပြ၏၊ ငါ့ထံတော်မှ သတိဖေါ်တရားကို မုချ ချီးမြှင့်ပေး၏။ |
| ၁၀၀။ | **مَنْ أَعْرَضَ عَنْهُ فَإِنَّهُ يَحْمِلُ يَوْمَ الْقِيَامَةِ وِزْرًا ۞**<br>၎င်းအား ကျောခိုင်းသော သူသည် ရပ်တည်မြဲမြံရမည့် နေ့ကာလ၌ ဝန်ထုပ်ဝန်ပိုးကို ထမ်းရမည်ပင်။ |
| ၁၀၁။ | **خَالِدِينَ فِيهِ وَسَاء لَهُمْ يَوْمَ الْقِيَامَةِ حِمْلًا ۞**<br>ထို၌ ကာလမဲ့ပင်၊ သူတို့အတွက် အကုသိုလ်သည် ရပ်တည်မြဲမြံရမည့် ကာလ၌ ဝန်ထုပ်ဖြစ်ရလိမ့်မည်။ |
| ၁၀၂။<br>☆<br>၁၈း၉၉ | **يَوْمَ يُنفَخُ فِي الصُّورِ وَنَحْشُرُ الْمُجْرِمِينَ يَوْمَئِذٍ زُرْقًا ۞**<br>ပုံစံများကို အသက်သွင်းသောနေ့ကာလ၊☆ ရာဇဝတ်ကောင်များကို စုရုံးစေသော်၊ ထိုနေ့ကာလ၌ ပြာနှမ်းကြရမည်။[၆၉၅] |
| ၁၀၃။ | **يَتَخَافَتُونَ بَيْنَهُمْ إِن لَّبِثْتُمْ إِلَّا عَشْرًا ۞**<br>သူတို့၏အကြား "ကျွန်ုပ်တို့သည် ဆယ်စု[၆၉၆] မျှသာ အချေချခဲ့ရ၏၊"ဟု ရေရွတ်ကြ၏။ |
| ၁၀၄။ | **نَحْنُ أَعْلَمُ بِمَا يَقُولُونَ إِذْ يَقُولُ أَمْثَلُهُمْ طَرِيقَةً إِن لَّبِثْتُمْ إِلَّا يَوْمًا ۞** |

(၆၉၄) စာမရီသည် ကိုယ်တော်မူဆာ (ဥဿဏ်စဉ်တော်ဆောင်)က၊ ပရမတ်ဘုရားရှင်နှင့် စကားပြောရန် ရပ်ခဲ့သောနေရာကို သိ၍ ထိုရပ်ခဲ့သော ခြေရာမှ မြေတစ်ဆုပ်ကို ယူလာက၊ ထိုယူလာသော မြေဖြင့် ဂျူးလူမျိုးတို့အတွက် ကိုးကွယ်ရန် နွားရုပ်ယင်ကို ထုလုပ်လိုက်သည်ဟု လွဲမှားသော ဖွင့်ဆိုချက်ကို မြောက်များစွာသော ကုရ်အာန် ဖွင့်ဆိုချက်များ၌ ဝမ်းနည်းဖွယ်ရာ တွေ့ရပေသည်။ ဤသုတ်တော်၏ ဆိုလိုချက်မှာ "ခြေရာ" ဆိုသည်မှာ လုပ်ဆောင်ချက်၊ နည်းနာ (စွန်နတ်) ကို ပြောခြင်းဖြစ်၍၊ စာမရီက ကိုယ်တော်မူဆာ၏ လုပ်ဆောင်ချက်မှ အနည်းငယ် မပြောပလောက် သည်ကိုသာ လိုက်မိပါသည်၊ ထိုသို့ မိမိလိုက်နေသော မပြောပလောက်သည်ကိုပင် စွန့်ပစ်မိခဲ့ပါသည်၊ ထို့ကြောင့် ကိုယ်တော်၏ နည်းနာ သင်ကြားခြင်း (ခြေရာ) မဟုတ်သော၊ ရှေးဟောင်း အီဂျစ်တို့၏ အယူကို အသက်သွင်းမိပါသည်ဟု ဆိုလိုခြင်းသာ ဖြစ်ပေသည်။

(၆၉၅) အာရပ်အသုံးအနှုန်းအရ ပြာနှမ်းသည် ဆိုခြင်းမှာ မျက်လုံးမျက်ဆံ ပြာနှမ်းခြင်းကို ဆိုခြင်း ဖြစ်ပေသည်။

(၆၉၆) ဤနေရာတွင် ဖေါ်ပြသော **အာ့ရှ်** ကို ဆရာတော်တစ်ချို့က ဆယ်ရက် ဟု ပြန်ဆိုကြပေသည်။ ဆယ်ရက်၊ ဆယ်လ၊ ဆယ်နှစ် မည်သို့ပင် ပြန်ဆိုစေကာမူ ၎င်းသည် လောကီသက်တမ်း၏ တိုတောင်းမှုကို ပမာပေးခြင်း ဖြစ်၍– ဤသုတ်တော်မှ ပြောဆိုသော ရာဇဝတ်ကောင်များ၏ အထင်ကို တင်ပြနေခြင်း ဖြစ်ပေသည်။ သူတို့သည် လောကီဘဝတွင် ပျော်မြူးနေခဲ့သောကြောင့် သူတို့ပြုသမျှကံအား ခံစားရမည့် အချိန်တွင် ထိုနေခဲ့သော အသက်မှာ အလွန်တိုတောင်းသည်ဟု ထင်မှတ်ခြင်း ဖြစ်ပေသည်။ ထိုအကြောင်းကို ၂း၉၆ တွင် "သူတို့သည် နှစ်တစ်ထောင် အသက်တာကို လိုချင်ကြ၏၊"ဟု ဆိုထားပေသည်၊ ထို့ကြောင့် သူတို့တမ်းတခဲ့သော သူတို့ သို့မဟုတ် သူတို့၏ အင်ပါယာ၊ အယူဝါဒသည် နှစ်တစ်ထောင် သို့မဟုတ် ဆယ်ရာစု သက်တမ်းရှိခဲ့လျှင် သော်လည်း သူတို့ကျဆုံးရချိန်၌ ၎င်းကို ခဏတာ နေခဲ့ရသည်ဟုပင် ထင်မှတ်လိမ့်မည်ပင်။

| | |
|---|---|
| | ငါသည် သူတို့ ပြောဆိုသမျှကို သိနေတော်မူ၏၊ သူတို့မှ အပြေပြစ်ဆုံး လမ်းကျသူက “သင်တို့ အခြေချခဲ့ရသည်မှာ တစ်ကာလမျှသာ ဖြစ်၏၊”ဟု ဆို၏။ |
| ၁၀၅။<br><br>☆ ၁၃:၁၁ | **وَيَسْأَلُونَكَ عَنِ الْجِبَالِ فَقُلْ يَنسِفُهَا رَبِّي نَسْفًا**<br>သင့်ထံ၌ တောင်တန်းကြီးများအကြောင်းကို မေးလာသူတို့အား “၎င်းတို့အား ကျွန်ုပ်၏ ကံကြမ္မာရှင်သည် လွင့်စင်ခြင်းဖြင့် လွင့်စင်စေလတ္တံ့၊–☆ |
| ၁၀၆။ | **فَيَذَرُهَا قَاعًا صَفْصَفًا**<br>၎င်းတို့အား အပြန့်လိုက် တစ်ညီတည်း ကွင်းကျန်စေလတ္တံ့၊ |
| ၁၀၇။ | **لَا تَرَى فِيهَا عِوَجًا وَلَا أَمْتًا**<br>ထို၌ ကောက်ကွေ့ခြင်း၊ မညီညာခြင်းကို တွေ့ရမည် မဟုတ်။ |
| ၁၀၈။ | **يَوْمَئِذٍ يَتَّبِعُونَ الدَّاعِيَ لَا عِوَجَ لَهُ وَخَشَعَت الْأَصْوَاتُ لِلرَّحْمَنِ فَلَا تَسْمَعُ إِلَّا هَمْسًا**<br>ထိုနေ့ကာလ၌ ကောက်ကွေ့မှုမရှိသော ဖိတ်ခေါ်သူ၏ နောက်သို့လိုက်ကြ၍၊ ကရုဏာရှင်၏ရှေ့၌ ကြောက်ရွံ့သံတို့ ဖြစ်ကြလတ္တံ့။ သင်သည် ဖျော့တော့သောအသံကိုသာ ကြားရလိမ့်မည်ပင်။ |
| ၁၀၉။ | **يَوْمَئِذٍ لَّا تَنفَعُ الشَّفَاعَةُ إِلَّا مَنْ أَذِنَ لَهُ الرَّحْمَنُ وَرَضِيَ لَهُ قَوْلًا**<br>ထိုနေ့ကာလ၌၊ ကရုဏာရှင် အလိုတူခွင့်ပြုသော၊ ပြောဆိုမှုကို ကျေနပ်မှုရှိသော သူမှအပ အခြားသူ၏ အမျှဝေပေးခြင်းသည် အရာရောက်မည် မဟုတ်၊ |
| ၁၁၀။ | **يَعْلَمُ مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ وَلَا يُحِيطُونَ بِهِ عِلْمًا**<br>အရှင်သည် သူတို့ကိုယ်တိုင် အသိ ငုံမိခြင်း မရှိသော သူတို့၏ လက်ရှိ အဖြစ်အပျက်များ၊ အတိတ်အကြောင်းများကို သိနေတော်မူ။ |
| ၁၁၁။ | **وَعَنَتِ الْوُجُوهُ لِلْحَيِّ الْقَيُّومِ وَقَدْ خَابَ مَنْ حَمَلَ ظُلْمًا**<br>နိစ္စ၊ ဓုဝ ဖြစ်တော်မူသော အရှင်၏ ရှေ့၌ မျက်နှာအားလုံး အပိုးသေနေလတ္တံ့၊ အဝိဇ္ဇာထုပ်ကို ထမ်းရသူသည် မုချ ကျဆုံးရလေပြီ။ |
| ၁၁၂။ | **وَمَن يَعْمَلْ مِنَ الصَّالِحَاتِ وَهُوَ مُؤْمِنٌ فَلَا يَخَافُ ظُلْمًا وَلَا هَضْمًا**<br>ပြုပြင်ပြောင်းလဲရေး၌ ကျင့်ကြံသူ၊ ထို–ယုံကြည်ချက်ရှိသူသည် အဝိဇ္ဇာသင့်ခြင်းနှင့် အကျိုးဆက်အတွက် စိုးထိတ်ရန် မလိုချေ။ |
| ၁၁၃။ | **وَكَذَلِكَ أَنزَلْنَاهُ قُرْآنًا عَرَبِيًّا وَصَرَّفْنَا فِيهِ مِنَ الْوَعِيدِ لَعَلَّهُمْ يَتَّقُونَ أَوْ يُحْدِثُ لَهُمْ ذِكْرًا**<br>ဤသို့ ငါသည် ၎င်းကို အာရ်ဗီဘာသာ ကုရ်အာန်အဖြစ် ချမှတ်ပေး၍၊ ကတိတော်များကို ဆင့်ပြန်ပေးခြင်းမှာ သူတို့ အဘို့ စည်းစောင့်နိုင်အံ့ငှာ သို့မဟုတ် သူတို့အား သတိတရားရှိရန် ပြောပြနိုင်ဘို့ရာ ဖြစ်၏။[၆၉၇] |
| ၁၁၄။ | **فَتَعَالَى اللَّهُ الْمَلِكُ الْحَقُّ وَلَا تَعْجَلْ بِالْقُرْآنِ مِن قَبْلِ أَن يُقْضَى إِلَيْكَ وَحْيُهُ وَقُل رَّبِّ زِدْنِي عِلْمًا** |

(၆၉၇) ဤသုတ်တော်တွင် “ပြောပြနိုင်ဘို့ရာ” ဟု ဘာသာပြန်သော စကားလုံးမှာ **ဟဒီးဆ်** ကို ပြန်ဆိုခြင်း ဖြစ်ပေသည်။ ဤသုတ်တော်အရ ကိုယ်တော်မုဟမ္မဒ် ဆင့်ပြန်ခဲ့သော **ဟဒီးဆ်တော်များ ဆိုသည်မှာ** ကျမ်းမြတ်ကုရ်အာန်ပါ ဒေသနာများသာ ဖြစ်ပေသည်။ ကျမ်းတော်ပါ သွန်သင်ချက်နှင့် မကိုက်ညီသော၊ မအပ်စပ်သော အဆိုအမိန့် မျိုးစုံကို ကိုယ်တော်မုဟမ္မဒ်က ပြောဆို သွန်သင်ခဲ့သည်ဟု ယူမှတ်ခြင်းကို ကျမ်းမြတ်ကုရ်အာန်က လက်မခံချေ။

| | |
|---|---|
| | အထွဋ်အထိပ်ဖြစ်တော်မူသော ပရမတ်ဘုရားရှင်သည် အချုပ်အခြာ ဖြစ်တော်၏၊ ပရမတ္ထသစ္စာ ဖြစ်တော်၏။ သင့်ထံသို့ အတည်ပြု အာရုံမဖြစ်တည်သေးမီ ကုရ်အံကျမ်းတော်ဖြင့် စိတ်မစောလင့်၊ "တပည့်တော်အား ပညာတိုးစေတော်မူပါ ကံကြမ္မာရှင်၊"ဟု ရေရွတ်လော့။ |
| ၁၁၅။ | وَلَقَدْ عَهِدْنَا إِلَى آدَمَ مِن قَبْلُ فَنَسِيَ وَلَمْ نَجِدْ لَهُ عَزْمًا۞<br>ရှေးမတိုင်မီက ငါသည် အာဒံအား မုချ ကတိပေးခဲ့၏။ သို့သော် သူသည် မေ့နေ၏။ သူ့၌ ပြင်ဆင်မှုကို တွေ့တော်မမူချေ။[၆၉၈] |
| ၁၁၆။<br>☆ ၂း၃၄ | وَإِذْ قُلْنَا لِلْمَلَائِكَةِ اسْجُدُوا لِآدَمَ فَسَجَدُوا إِلَّا إِبْلِيسَ أَبَى۞<br>ငါက နိမိတ်ဆောင်တို့အား "အာဒံကို ဦးချကြလော့၊"ဟု မိန့်၏၊ သို့သော် ရှေးရိုးစွဲ၊ သူသည် မောက်မာ၏။☆ |
| ၁၁၇။ | فَقُلْنَا يَا آدَمُ إِنَّ هَذَا عَدُوٌّ لَّكَ وَلِزَوْجِكَ فَلَا يُخْرِجَنَّكُمَا مِنَ الْجَنَّةِ فَتَشْقَى۞<br>ငါက မိန့်သည်မှာ "အေ အာဒံ၊ ဤသည် သင်နှင့် သင့် ပေါင်းဖေါ်အတွက် ပြိုင်ဘက် ဖြစ်၏။ သင်တို့အား ဥယျာဉ်ဘုံမှ မမောင်းထုတ်စေလင့်၊ သို့မဟုတ်က စိတ်ညစ်ရနိုင်၏။ |
| ၁၁၈။<br>☆ ၇း၂၂ | إِنَّ لَكَ أَلَّا تَجُوعَ فِيهَا وَلَا تَعْرَى۞<br>သင့်အတွက် ထိုဌာ တော်မွတ်ခြင်း အကွယ်အကာမဲ့ခြင်း မရှိသည်မှာ သေချာ၏။☆ |
| ၁၁၉။ | وَأَنَّكَ لَا تَظْمَأُ فِيهَا وَلَا تَضْحَى۞<br>သင့်အတွက် ရေငတ်ခြင်း၊ နေပူခြင်းလည်း ထိုဌာ မရှိချေ။"ဟု ဖြစ်၏။ |
| ၁၂၀။<br>☆ ၂း၃၆<br>★၂း၃၅ | فَوَسْوَسَ إِلَيْهِ الشَّيْطَانُ قَالَ يَا آدَمُ هَلْ أَدُلُّكَ عَلَى شَجَرَةِ الْخُلْدِ وَمُلْكٍ لَّا يَبْلَى۞<br>မကောင်းဆိုးဝါးက သူ့အား စေ့ဆော်၍ "အို အာဒံ၊ ကာလမဲ့စံစားရသော၊☆ အဆုံးမရှိသော အာဏာပိုင်သော အပင်ကို★ ညွှန်ရမည်လော၊"ဟု ဆို၏။ |
| ၁၂၁။<br>☆ ၇း၂၂ | فَأَكَلَا مِنْهَا فَبَدَتْ لَهُمَا سَوْآتُهُمَا وَطَفِقَا يَخْصِفَانِ عَلَيْهِمَا مِن وَرَقِ الْجَنَّةِ وَعَصَى آدَمُ رَبَّهُ فَغَوَى۞<br>သူတို့သည် ထိုမှ စားသုံးကြ၏။ သို့ဖြင့် ရှေ့တင်၌ သူတို့၏ကိုယ်ထည်များ ပေါ်သွားတော့၏၊ သူတို့သည် ဥယျာဉ်မှ သစ်ရွက်များဖြင့် သူတို့ကိုယ်သူတို့ စတင်ဖုံးအုပ် ကြလေ၏၊☆ အာဒံသည် သူ့ကံကြမ္မာရှင်အား အာခံမိ၍၊ ကျဆုံးရ၏။ |
| ၁၂၂။ | ثُمَّ اجْتَبَاهُ رَبُّهُ فَتَابَ عَلَيْهِ وَهَدَى۞<br>တဖန်၊ သူ့ကံကြမ္မာရှင်သည် သူ့အား ပြန်ရွေးကောက်လျှက်၊ သင်ပုန်းချေပေး၍၊ သူ့အား လမ်းညွှန်ပေး၏။ |
| ၁၂၃။ | قَالَ اهْبِطَا مِنْهَا جَمِيعًا بَعْضُكُمْ لِبَعْضٍ عَدُوٌّ فَإِمَّا يَأْتِيَنَّكُم مِّنِّي هُدًى فَمَنِ اتَّبَعَ هُدَايَ فَلَا يَضِلُّ وَلَا يَشْقَى۞<br>အရှင် မိန့်သည်မှာ "ဆင်းသွားကြလော့၊ သင်တို့ချင်းချင်း ရန်ပြိုင်ဘက်များ ဖြစ်စေလော့။ ငါ၏ လမ်းညွှန်ချက်များ သင့်တို့ထံသို့ ပေးရောက်စေမည်၊ ငါ၏ လမ်း ညွှန်ချက်ကို လိုက်နာသူသည် အပါယ်ရောက်မည်မဟုတ် စိတ်ညစ်ရမည်မဟုတ်။ |
| ၁၂၄။ | وَمَنْ أَعْرَضَ عَن ذِكْرِي فَإِنَّ لَهُ مَعِيشَةً ضَنكًا وَنَحْشُرُهُ يَوْمَ الْقِيَامَةِ أَعْمَى۞<br>ငါ၏ သတိဖေါ်ပေးချက်မှ နောက်လှည့်သူသည်ကား၊ ကေန်ပင် သူ့အတွက် ကျဉ်းမြောင်းသော ဘဝဖြင့် ရပ်တည်မြဲမြံရ |

(၆၉၈) ဤသုတ်တော်တွင် အာဒံသည် ပရမတ်ဘုရားရှင်၏ ကတိပညတ်ကို အာခံသည်ဟု ဆိုခြင်း မရှိချေ။ သူသည် မေ့နေသည် ဟုသာ ဆိုပေသည်။ ထိုကတိကို သူသည် ပြန်လည် ပြင်ဆင်ခြင်းလည်း မဟုတ်ချေ။

| | |
|---|---|
| | မည့် နေ့ကာလ၌ အကန်းအဖြစ် စုရုံးခံရလတ္တံ့၊''ဟု ဖြစ်၏။ |
| ၁၂၅။ | **قَالَ رَبِّ لِمَ حَشَرْتَنِي أَعْمَى وَقَدْ كُنتُ بَصِيرًا**۞<br>သူက ''ကံကြမ္မာရှင် တပည့်တော်သည် အမြင်ရှိခဲ့ပါလျှက်၊ အဘယ့်ကြောင့် အကန်းအဖြစ် စုရုံးခံရပါသနည်း၊''ဟု<br>ဆိုသော်– |
| ၁၂၆။ | **قَالَ كَذَلِكَ أَتَتْكَ آيَاتُنَا فَنَسِيتَهَا وَكَذَلِكَ الْيَوْمَ تُنسَى**۞<br>အရှင်က ''ယင်းမှာ သင့်အား ငါ၏ သုတ်ဒေသနာများကို ပေးအပ်သောအခါ၊ ၎င်းကို မေ့ပစ်သောကြောင့် ဖြစ်၏။<br>ယင်းသို့ ဤနေ့ကာလ၌ သင့်အား မေ့ပစ်ခံရစေပြီ၊''ဟု မိန့်၏။ |
| ၁၂၇။ | **وَكَذَلِكَ نَجْزِي مَنْ أَسْرَفَ وَلَمْ يُؤْمِن بِآيَاتِ رَبِّهِ وَلَعَذَابُ الْآخِرَةِ أَشَدُّ وَأَبْقَى**۞<br>ငါသည် အလွဲသုံးစားလုပ်သူများ၊ သူ့ကံကြမ္မာရှင်၏ သုတ်တော်များကို မယုံကြည်သူများကို ယင်းသို့ အစားပေးတော်<br>မူ၏။ နောင်ဘဝ၏ ဝဋ်ကြွေးသည် ပိုမိုပြင်းထန်၏၊ တည်တံ့၏။ |
| ၁၂၈။<br>ကျမ်း<br>တော် | **أَفَلَمْ يَهْدِ لَهُمْ كَمْ أَهْلَكْنَا قَبْلَهُم مِّنَ الْقُرُونِ يَمْشُونَ فِي مَسَاكِنِهِمْ إِنَّ فِي ذَلِكَ لَآيَاتٍ لِّأُوْلِي النُّهَى**۞<br>**၎င်း**သည် သူတို့မတိုင်မီ မြို့ရွာများ၌ အခြေချ ကျက်စားခဲ့ကြသော မျိုးဆက်ပေါင်းမည်မျှကို တိမ်ကောစေခဲ့ကြောင်း<br>မညွှန်ပြလေသလော။ ကေန်ပင် နားလည်မှုရှိသော လူမျိုးအတွက် ဤ၌ သက်သေလက္ခဏာ ရှိနေ၏။ |
| ၁၂၉။ | **وَلَوْلَا كَلِمَةٌ سَبَقَتْ مِن رَّبِّكَ لَكَانَ لِزَامًا وَأَجَلٌ مُسَمًّى**۞<br>သင့်ကံကြမ္မာရှင်၏ ထံမှ ဓမ္မတော်သည် ခေတ်တစ်ခုအတွက် အတိုင်းအတာကာလ နိယာမအား သတ်မှတ်ပြီး မဟုတ်<br>တုံလော၊ |
| ၁၃၀။ | **فَاصْبِرْ عَلَى مَا يَقُولُونَ وَسَبِّحْ بِحَمْدِ رَبِّكَ قَبْلَ طُلُوعِ الشَّمْسِ وَقَبْلَ غُرُوبِهَا وَمِنْ آنَاء اللَّيْلِ فَسَبِّحْ**<br>**وَأَطْرَافَ النَّهَارِ لَعَلَّكَ تَرْضَى**۞<br>သို့ဖြစ်၍၊ သူတို့၏ ပြောဆိုမှုများကို သည်းခံလော့၊ သင့်ကံကြမ္မာရှင်အား နေထွက်ချိန်နှင့် မဝင်မီအချိန်၌ ဘာဝနာပွား<br>ရည်သန်စူးစိုက်လော့။ ညအချိန်ပိုင်းနှင့် နေ့ မျက်ခြည်ပြတ်မှု၌ သင့်အား ကျေနပ်နှစ်သိမ့်အံ့ငှာ ဘာဝနာပွားလော့။ |
| ၁၃၁။ | **وَلَا تَمُدَّنَّ عَيْنَيْكَ إِلَى مَا مَتَّعْنَا بِهِ أَزْوَاجًا مِّنْهُمْ زَهْرَةَ الْحَيَاةِ الدُّنيَا لِنَفْتِنَهُمْ فِيهِ وَرِزْقُ رَبِّكَ خَيْرٌ وَأَبْقَى**۞<br>သူတို့အနက်မှ ပေါင်းဖေါ်ကြင်ဘက်များအား အပ်နှံထားခြင်းဘက်သို့ အသင်၏ မျက်လုံးကို မတိုးရွှေ့စေလင့်၊ သူတို့<br>အား စုံစမ်းရန်အတွက် လောကီ ဘဝ စည်းဇိမ် ဖြစ်၏။ သင့်ကံကြမ္မာရှင်၏ ရိက္ခာထောက်မှုသည် ပိုမိုကောင်းမြတ်၏။<br>တည်တံ့ခြင်းရှိ၏။ |
| ၁၃၂။<br><br>☆ ၂း၃ | **وَأْمُرْ أَهْلَكَ بِالصَّلَاةِ وَاصْطَبِرْ عَلَيْهَا لَا نَسْأَلُكَ رِزْقًا نَّحْنُ نَرْزُقُكَ وَالْعَاقِبَةُ لِلتَّقْوَى**۞<br>သင့်ဝိုင်းတော်အားတို့အပေါ် စိတ်သင်တန်းကို☆ စီမံလော့၊ ထိုအပေါ်တွင် သည်းခံကြစေလော့၊ ငါသည် ဆွမ်းရိက္ခာ<br>တောင်းခံခြင်းမရှိ၊ ငါကသာ ရိက္ခာထောက်တော်မူ၏။ ချုပ်ငြိမ်းခြင်းသည် စည်းစောင့်သူတို့ အဘို့ရာ ဖြစ်၏။ |
| ၁၃၃။ | **وَقَالُوا لَوْلَا يَأْتِينَا بِآيَةٍ مِّن رَّبِّهِ أَوَلَمْ تَأْتِهِم بَيِّنَةُ مَا فِي الصُّحُفِ الْأُولَى**۞<br>သူတို့က ''သူ့ကံကြမ္မာရှင်၏ ထံမှ ကျွန်ုပ်တို့အတွက် အဘယ်ကြောင့် နိမိတ်လက္ခဏာတစ်ပါး မပေးအပ်ခဲ့သနည်း၊''ဟု<br>ဆိုကြ၏။ ရှေးပဌမ ကျမ်းများတွင်ပါသည့် ရှင်းလင်းချက်များကို သူတို့အား ပေးရောက်စေပြီ မဟုတ်တုံလော။[၆၉၉] |

---

(၆၉၉) ဤကျမ်းတော်သည် ရှေးပဌမကျမ်းများတွင် ၎ုပ်လျှိုးနေသော ရှင်းလင်းချက်များကို တင်ပြသော ကျမ်း ဖြစ်ကြောင်း ဤသုတ်တော်က ရှင်းလင်းစွာ ဆိုထားပေသည်။

| | |
|---|---|
| ၁၃၄။ | **وَلَوْ أَنَّا أَهْلَكْنَاهُم بِعَذَابٍ مِّن قَبْلِهِ لَقَالُوا رَبَّنَا لَوْلَا أَرْسَلْتَ إِلَيْنَا رَسُولًا فَنَتَّبِعَ آيَاتِكَ مِن قَبْلِ أَن نَّذِلَّ وَنَخْزَى**۞<br>ထိုမတိုင်မီ သူတို့အား ဝဋ်ကြွေးသင့် တိမ်ကောစေခဲ့လျှင် “အို ကံကြမ္မာရှင်၊ တပည့်တော်တို့ အရှက်တကွဲ အကျိုးနဲ မဖြစ်ရမီ အရှင့် သုတ်ဒေသနာများကို တပည့်တော်တို့ လိုက်နာစေရန်၊ တပည့်တော်တို့ထံသို့ ဉာဏ်စဉ်တော်ဆောင် တစ်ပါးကို အဘယ်ကြောင့် မစေပို့ခဲ့သနည်း၊”ဟု ဆိုကြလတ္တံ့။ |
| ၁၃၅။ | **قُلْ كُلٌّ مُّتَرَبِّصٌ فَتَرَبَّصُوا فَسَتَعْلَمُونَ مَنْ أَصْحَابُ الصِّرَاطِ السَّوِيِّ وَمَنِ اهْتَدَى**۞<br>ဟောလော့ “အားလုံးကိုယ်စီ စောင့်စားနေကြ၏။ ထို့ကြောင့် စောင့်စားနေကြလော့၊ မကြာမီ မည်သူက ပေါ်လွင်သော လမ်းစဉ်၌ ရှိ၏၊ မည်သူက လမ်းညွှန်မှုန်၌ ရှိ၏ ဆိုသည်ကို သိကြရလတ္တံ့။” |